


မြိုင်ရာဇာ
ရွှေလူဝံ
Graphic Design
SweMin
အသစ်စက်စက်
( ပ+ဒ+တ+ခ )
ပေါင်းချုပ်ထားပါသည်။

အခန်း ၁။ ပျောက်ဆုံးသွားသော လူတစ်ယောက်




ထိုစကားသံဆုံးသည်နှင့်မသေးမျှင်သည် လေ၏လျှင်မြန်ခြင်းမျိုးဖြင့်ကျွန်ုပ်၏ ဘေးသို့ရောက်လာကာ
ဆီရှိရှိလေး ဆမ်းခဲ့တဲ့ဆီချေး ဘယ်လောက်လဲ ရှင်သိရဲ့လား
ဘာပြောလိုက်တယ် ကတွတ်ပီရှင်က ရှင့်ကိုရှင်ဇောတိကရဲ့ ယောက်ဖတစ်ဝမ်းကွဲ အောက်မေ့နေသလား
ကဲကွာ..ဆီမပါဘဲ ဒီတိုင်းပဲဆတ်သားခြောက် ဖုတ်လာခဲ့
ဆတ်သားခြောက်ကုန်တာ သီပေါမင်းပါတော်မူခင်ကပဲ ရှင်အမဲအပစ်မထွက်တာ ဘယ်လောက် ကြာပြီလဲ ကိုယ်ဖာသာကိုယ် စဉ်းစားဦး..


မှန်သည်။
မိုးတွင်းကာလည်း
မိုးတွင်းကာလမို့
တောမဝင်ခဲ့။ယခု
ဆောင်းဦးပေါက်တော့လည်း
ဂျီ..သမင်ဆတ်ရိုးသဖွဲ့ဝါတို့
မိတ်ရိုက်တက်သော
ရာသီမို့တမင်ရှောင်ရှား
နေခဲ့သည်။
တစ်ချက်ကို နှစ်သက်တော့ သွားပါပြီ
ကြာကြာဝါးမည့်သွား
အရိုးကြည့်ရှောင်သည့်
သဘောပင်..ဖီးရှိသည့်
အမကိုပစ်ခဲ့မိလျှင်
သားကောင်တစ်စ
တစ်ဝက်မိကော
ပပျောက်မည်။
မျိုးပျောက်မှာ စိုးကြောက်မိ ပါသည်။
ထိုသို့လျှင်သားကောင်
အပေါ်အမှီသဟဲပြုနေသော
ကျွန်ုပ်တို့၏ မုဆိုးဘဝလည်း
တိမ်ကောပပျောက်ပေ
လိမ့်မည်။
မုဆိုးထဲမှာတော့ အတွေးအခေါ် အကောင်းဆုံးပဲ..


မိန်းမဆိုတာတစ်ထွာပြရျှင် တစ်တောင်မြင်တက်သော အမျိုးမဟုတ်..ရှင်ပြ ရျှင်လည်းလေကုန်ရုံသာ အဖတ်တင်ပေမည်..
ကဲကွာ..ဒါဖြင့် ထမင်းပဲစားတော့မယ် ခူးလိုက်တော့..ဘာဟင်း ချက်လဲ..
ကန်းစွန်းရွက် ရေလုံပြုတ်
ကျွန်ုပ်လည်းကိုယ်တွင်တာဝန် မကောင်းသကဲ့သို့ဖြစ်နေသဖြင့် အထွန့်တက်မနေတော့ဘဲ မသေးမျှင်ပြင်ပေးသည့်အတိုင်း သာစားသောက်လိုက်ရပေ တော့သည်။ ငပိထောင်းလေး တစ်ခွက်ပါသည့်အတွက် အတန်ငယ်ထမင်းမြိန်ခဲ့ ခြင်းဖြစ်လေသည်။
နောက်တစ်နေ့တွင် ကျွန်ုပ်သည်လက်ခွဲတော်နှစ်လုံးပြူးသေနတ်ကို ဆွဲကာတပည့်ကျော်ဗိုက်ကလေးခေါ်ပြီးတောဝင်လာခဲ့လေသည်။













ကျွန်ုပ်က အချက်ပေးကာ ဟန့်တားလိုက်၏။ ဗိုက်ကလေးကမျက်စချိကာ ဘာလဲ ဟုအသံမထွက်ဘဲ မေးသည်။ တောအလုံးမှာတိတ်ဆိတ်နေသည်။


တရှဲရှဲ..သစ်ရွက်လေတိုးသံကသာ
နိုးမိုးမင်းမူနေ၏။ သာမန်လူတစ်ဦး
အနေနှင့် ထိုအသံကလွဲ၍ မည်သည့်
အသံမျိုးကိုမှ ကြားရလိမ့်မည်မထင်
ချေ။
ဒီ
သမင်ပေါက်
သံပဲ..
သို့သော် ကျွန်ုပ်ကဲ့သို့ဝါရင့်မုဆိုးကြီး
တစ်ဦး၏ အတွေ့အကြုံအရမူ..ထို
သစ်ရွက်လေးတိုးသံနှင့် အတူရောယှက်
ကာပါလာသောထို..တိုးသဲ့သဲ့အသံလေး
တစ်ခုကိုကြားနေရလေသည်။
သေသေချာချာနားစွင့်လိုက်သောအခါ
တပည့်ကျော်ဖိုက်ကလေးသည်
လည်းထိုအသံကိုကြားလိုက်ရဟန်
တူသည်။ သူကခေါင်းညိတ်ကာ
ထောက်ခံလိုက်၏။
YES.
OK
ပြီးတော့ခြေသံလုံလုံနှင့် အသံကြားရာ
ဘက်ဆီသို့ချဉ်းကပ်လာခဲ့လေ၏။


ကျွန်ုပ်၏ တောဘွတ်ခေါ်
လည်ရှည် မိနစ်သည်ကား
ပျော့ပျောင်းသောအကောင်း
စားသားရေဖြင့် ချုပ်လုပ်
ထားသဖြင့်ယခုကဲ့သို့ခြေသံ
လုံအောင်သွားလေရာ၌တကျိုကျို
မြည် ခြင်းကင်းလျှက်ရှိ၏။
အကောင်းစား
မိနစ်
မိုက်ကလေးကား
ခြေဗလာဖြင့် ဖြစ်၍
ခြေသံလုံအောင်အထူး
တလည်ဂရုစိုက်စရာပင်
မလိုပဲရှိလေသည်။
ကျွန်ုပ်တို့သည်ကားကောင်ကိုမြင်သာသောအခြေအနေရောက်လာလေ
ပြီ။ချုံပုတ်တစ်ခုကို အကာအကွယ်ယူကာ ကြည့်လိုက်၏။
သမင်ကြီးကတော့..ဝပ်နေတာပဲ
ဆရာဘွတ်ရေ အလေးချိန်တော်တော်
စီးပုံရတယ်..မြန်မြန်သာပစ်ပေတော့..


ပစ်မည်ဟုချိန်ရွယ်ထားပြီးကာမှ သေနတ်ကိုပြန်ချလိုက်သည့်အတွက် ဖိုက်ကလေးနားလည်ရခက်သွား သည်။
ဟင် ဘယ်လိုဖြစ် တာလဲ
ဖိုက်ကလေးမင်းမျက်လုံးက ဝါ..တော်တော်နုသေးတာပဲ..ဒီ သမင်ဟာ..ဝပ်းနေတာမဟုတ်ဘူးကွ ဗီးကပ်နေတာ..သတ်လို့ ဘယ်ဖြစ်မလဲ..
ဒီလိုသူတော် ကောင်းတွေရှိနေလို့ တော်ပါသေးရဲ့
ကြားသယ်..
ကျွန်ုပ်တို့..ထိုနေရာမှ ခိတ်ပျက်လက်ပျက် ခွာလာခဲ့ကြသည်။ နောက်တစ်ကြိမ် သစ်ရွက်ကိုခွတ်ရွး ခြားနေသောအသံကို ကြားရသဖြင့်ချဉ်းကပ် သွားပြန်၏။


တွေ့လိုက်ရသည်ကသစ်ရွက်သစ်ညွန့်များကိုစူး
ဆွတ်စားနေသောသမင်မကြီးအောက်တွင်..သူ့
နို့ကိုစို့နေသော သားပေါက်လေးတစ်
ကောင်ကိုတွေ့လိုက်ရသည်။မပစ်ရက်သဖြင့်
ခွန်ဒွာလာခဲ့ရလေသည်။
ကျွန်ုပ်တို့အဖြစ်မှာထီပေါက်ပြီးထီလက်မှတ်
ပျောက်သူလိုဖြစ်နေကာ..ဗိုက်ကလေးကား
ဓိတ်မြွန်သူပီပီ..ဓိတ်မရှည်ချင်တော့ပေ။
ဆရာတွတ်..ဒီလောက်
အကြွင်နှာတရားတွေများနေရင်လဲ
ပိတ်ပြူခြင်ကြယ်ဝတ်..တရား
သွားအားထုတ်ပေတော့
မှဆိုးလုပ်မနေနဲ့


မဟုတ်ဘူးဗိုက်ကလေး ဘဝပေး
အခြေအနေကြောင့် မုဆိုးဖြစ်နေရပေမယ့်
တစ်ချို့သော..လောကစည်းမျဉ်းတွေကိုတော့
လိုက်နာရလိမ့်မယ်..
မုဆိုးဘဝကိုယ်တို့ဟာ
စားဝတ်နေရေးအတွက်
အသက်မွေးဝမ်းကျောင်းရင်း
ရောက်ရှိရသူတွေ..တမင်
သတ်ဖြတ်ချင်လို့ယုတ်မာ
ရက်စက်လိုလို့ရောက်နေ
တဲ့သူတွေမဟုတ်ဘူး..
အဲဒီအချက်ကိုတော့မျက်ခြေမပြတ်ဖို့
လိုတယ်..
ဒီလိုတော့လည်းဗိုက်ကလေးသဘော
ပေါက်သွားသည်။
ဟုတ်တယ်ဆရာတွတ်
စားဝတ်နေရေးမပူပင်ရတဲ့
မြို့ကလူတွေ..အမဲပစ်
လာကြတာရော..
မှတ်သား
လောက်ပါ
ပေတယ်..


သူတို့ကို အပျော်တမ်း
မုဆိုးလို့ခေါ်တာကြည့်ပေတော့
သူတို့က သူတို့ရဲ့ စိတ်ခံစားမှု
အာသာဖြေလိုမှုနဲ့သတ်တာ
ဖြစ်တာ..
သူတို့ပျော်ဖို့အတွက်
တခြားသတ္တဝါတွေရဲ့အသက်
ပေးဆပ်ရတယ်ဆိုတာ..
တန်ပါရဲ့လား..ဒီလူတွေ
ဆိုးမားချင်မှ..ဆိုးမား
မိလိမ့်မယ်..
နောက်တစ်ကြိမ်ကျွန်ုပ်တို့
ချေတစ်ကောင်ကိုတွေ့ပြန်
သည်။ ချေမှာအကောင်ကြီး
မဟုတ်။
အကောင်လတ်ဖြစ်သော်လည်းသားကောင်
ကိုလက်လွှတ်မခံနိုင်သဖြင့်ကျွန်ုပ်ပစ်ခတ်
ဖို့ပြင်လိုက်သည်။ သေနတ်မောင်းတင်းသံ
ကြောင့်ချေမှာ လွတ်မြောက်သွားသည်။
ဒီနေ့ ကံမကောင်းပါလား


မုဆိုးတစ်ဦးအနေဖြင့်တောထဲတွင်
တစ်နေ့တည်းသုံးခါကံမကောင်း
နိုင်ပေ။ကျွန်ုပ်လည်းဒေါ်မှုမှုနှင့်
သေနတ်ကို ချုပ်ပုတ်တစ်ခု
ထဲသို့ပစ်ချွင်ပစ်လိုက်ကာ
အနီးရှိသစ်ပင်အောက်တွင်
ထိုင်လိုက်၏။
ခကာ..နားကြ
ရအောင်ဟေ့
အမောပြေသလောက်ရှိမှ
ဖိုက်ကလေးအားသေနတ်
ကောက်ခိုင်းလိုက်လေသည်။
ဖိုက်ကလေး
သေနတ်ကောက်
သွားမယ်ဟေ့..
ဒေါ်သံကြားသဖြင့် ကျွန်ုပ်လည်းအနီး
သွားကြည့်လိုက်သောအခါ..
ဆရာတွတ်ရေ
ဒီမှာ..ကြည့်ပါအုန်း
ဗျို့..
၁၂


ကျွန်ပ်ရှင့်ပစ်လိုက်သောသေနတ်က ချုံထဲတွင် ဒအိပ်နေဟန်ရှိသော ယုန်တစ်ကောင်၏ဦးခေါင်းကို မတော်တဆ..သွားမှန်ကာ မေ့နေသော..ယုန်တစ်ကောင်ကို တွေ့ရလေသည်။
ဆရာတွတ်ရေ ညစာတစ်နပ်တော့ ပူလုံပြီဗျ..
မသေးမျှင်ကကြိုးကြိုးကျယ်ကျယ်တောဝင်သွားပြီးမှ ယုန်တစ်ကောင်ကို ဆွဲကာပြန်ရောက်လာသောကျွန်ပ်ကိုမကျေမချမ်းဖြင့် မျက်စောင်းထိုးကြည့်သော်လည်း။
ပါလာသောယုန်ကိုမူ ကောင်းစွာချက်ပြုတ်ပေးသဖြင့်ကျွန်ပ်နှင့်ဗိုက်ကလေး ညစာကိုတင်းတိမ်အောင် စားလိုက်ရပါလေတော့သည်။


နောက်တစ်နေ့တွင်မသေးမျှင်၏
ကန်းစွန်းရွက်ရေလုံပြုတ်ဟင်းနှင့်
ရင်ဆိုင်ရမည့်အရေးတွေးကာ
ရင်မောနေရဦး။
ဆရာတွတ်
စားပြီးပြီလားဗျ
မစားရသေးပါဘူး..
ဗိုက်ကလေးရာ..
ကန်းစွန်းရွက်ရေလုံ
ပြုတ်နဲ့ဘယ်လို
စားရမလဲ..တွေး
နေတာ..
ဒါဆိုအတော်ပဲကျွန်တော်ဆရာတွတ်ကို
လာခေါ်တာ..ရွာတောင်ဘက်ကဒေါ်မြတို့
အိမ်မှာဆွမ်းကျွေးရှိတယ်
ငါလဲ
ဘာမှမကြား
ပါလားကွာ..
ကျွန်ုပ်တို့ရွာကားရွာနောက်ခြမ်းတွင်နေထိုင်သူများဖြစ်ကာကျွန်ုပ်တို့
ရွာမှာတောင်နှင့်မြောက်တန်းနေသောရွာတန်းရှည်ဖြစ်လေရာ..ရွာ
တောင်ဘက်သို့အကြောင်းမရှိဘဲရောက်ခဲ့သည်။ဗိုက်ကလေးကား
လူပျိုပီပီရွာရိုးကိုးပေါက်လျှောက်နေသူဖြစ်ရာအလှူသတင်းကိုကြား
လာခြင်းဖြစ်မည်။
မျက်စိ
နောက်ပါပြီ


အလှူကကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူးဆရာတွတ်.. ဘုန်းကြီးဆွမ်းကျွေးပြီး လူရှင်းနည်းနည်းလောက်ပဲ ကျွေးမှာ..
အဲဒီမှာ..အာနိုးလှမိုးတို့ အလှူခြေအလှူလက်လုပ်နေ တော့လာဖြစ်အောင်လာခဲ့လို့ မှာထားတယ်..
ဒီလိုအခွင့်အရေးမျိုးလက်လွှတ် ခံလို့ဘယ်ဖြစ်မလဲကွ..
ကျွန်ုပ်နဲ့ဗိုက်ကလေးလည်းအိမ်မှထွက်၍ သွက်လက်သောခြေလှမ်းများဖြင့်ရွာ.. တောင်ဘက်ဆီသို့ဦးတည်လိုက်ကြသည်။


နေပါဦးကွ.. ရွာတောင်ဘက်က ဒေါ်မြဆိုတာ ဘယ်ဒေါ်မြလဲ..အကြော်သည် မမြလား..ငယ်ငယ်က ငါနဲ့တောင်..ဘာလိုလို ဖြစ်ခဲ့သေးတယ်..
အသားလွှတ် အသားယူ ပြန်ပြီ..
ဇွဲဦး.ဒေါ်မြမဟုတ်ဘူး ဆရာတွတ်ရဲ့..အောင်တိုး အမေ..ဒေါ်မြ..
ဟေ..လွန်ခဲ့တဲ့ခြောက်လလောက်က တောထဲဝင်ရင်းပျောက်သွားတဲ့ အောင်တိုးရဲ့အမေလား..
ဟုတ်တယ်..အခုလဲသူ့သားဆုံးတာ ခြောက်လပြည့်တဲ့ အထိမ်းအမှတ်နဲ့အလှူလုပ်တာတဲ့..
အော်.. အောင်တိုး အောင်တိုး
သူ့ရှင်းပြနေရတာ ဗိုက်တောင် ဆာလာပြီ..
၁၆


ဤကိစ္စက အနည်းငယ်ဆန်းသည်။ မောင်အောင်တိုးသည်လူငယ်တစ်ဦး ဖြစ်သော်လည်းရွာရှိအခြားကာလ သားများနှင့်ကွာ ခြားသည်။
ငါ့မျက်စိ ထဲတော့ဘာမှ မကွာပါဘူး..
ဓာကောင်းရွာမကျော်သော်လည်းအ သားဖြူဖြူရုပ်ရည်ချောမောသူဖြစ်၏။ ရွာတွင် မျိုးတိုင်းကြိုက်တဲ့နှင်းဆီပိုင် ဖြစ်ခဲ့သည်။
ပြေးမယ့်ပြီး ပက်နှမ်းချင် လိုက်တာ..
အမေကို ပြောပြီး တောင်းခိုင်း ရမယ်.
တောင်ဘက်ခြမ်းကမရှုပိုဆိုသော မိန်းမလှလေးတစ်ယောက်နှင့် ချစ်ကြိုက်နေသည်ဟုလည်း သတင်းကြားရ၏။
သူသည်တခြားကာလသားတွေလို လတ်ဖျားလတ်ဖျားအလုပ်မရှိလျှင် ထန်းရေသောက်ကြက်တိုက်သူ မဟုတ်။
ဒါမျိုး ဝါသနာမပါ ဘူး..


အလုပ်ကိုကြိုးကြိုးစားစား
လုပ်ကိုင်နေသူဖြစ်သည်။
တောသို့ဝင်ကာဆေးဖက်
ဝင်သည့်သစ်ဥသစ်ဖုများ
သစ်မြစ်သစ်သီးများကို
ရှာဖွေကာမြို့တက်ရောင်း
ချသောအလုပ်ဖြစ်၏။
ဒီအမြစ်က အဖိုးတန်တယ်..မြို့တက် ရောင်းရင်းဈေးကောင်း ရမှာ..
လွန်ခဲ့သောခြောက်လခန့်ကထိုကဲ့သို့သစ်ဥသစ်ဖုရှာဖွေရန်တောထဲဝင်
သွားသောမောင်အောင်တိုးသည်မိုးချုပ်သည့်တိုင်ပြန်ရောက်မလာဘဲရှိ၏။
တစ်ခါမှတောထဲတွင်ညအိပ်ညနေ မ နေဖူးသဖြင့်အမေ ဖြစ် သူကစိုးရိမ်
မကောင်းကာသူကြီးဦးဘစိုးထံအကူအညီတောင်းလာသည်။
သူကြီး..ကျွန်မ သားတောထဲသွား တာပြန်မလာ လို့အဟင့်..
သူကြီးဦးဘစိုး၏အမိန့်အရကျွန်ုပ်ကိုယ်တိုင်ဦးဆောင်ကာ ရွာလူငယ်
များနှင့်တောနင်းကာရှာဖွေခဲ့သော်လည်းအရိပ်အယောင်မျှပင်
မတွေ့ရှိခဲ့။


ထိုထက်ပို၍ဝေးလံသောနေရာသို့ ရောက်အောင်လိုက်လံရှာဖွေသော အခါနတ်သုငယ်ချောက်ကမ်းပါး၌ သူလည်းပင်းတွင်အမြဲလိုသိုင်းထားသော ပဝါနီနီလေးကိုတွေ့ရှလေသည်။
ဟိုမှာပုဝါ တစ်ထည်ဆရာ တွတ်..
၁၉
ပဝါနီးလေးမှာ ချောက်စွန်း ကျောက်ကမ်းပါးယံတွင်တွယ် ကပ်ပေါက်နေသောချုံပင်တစ်ခု တွင်ငြိကာလေတိုးတွင်တလူ လူလွင့်လျက်ရှိသည်။
ဒါ..သူအမြဲသုံးနေတဲ့ ပဝါလေးပဲ..
ဒီအတိုင်းဆိုရင်တော့ ချောက်ထဲကျသွားတာ သေချာပြီကွ..
ဒီလောက် မြင့်တဲ့ချောက်ထဲ ကျရင်တော့မျှော်လင့်စရာ မရှိတော့ဘူး..


အချိန်ကာလအားဖြင့် မကြာမြင့်လှဟုထင်ရ သော်လည်း၊၊ ယခု ခြောက်လပြည့်မြောက် ခဲ့လေပြီ။ အလှူအိမ်တွင်လူများများ မတွေ့ရ၊၊ သူကြီးဦးဘာနီ အပါအဝင်ကျေးရွာလူကြီး တချို့ကိုသာတွေ့ရ၏။
လာဗျို့... ဦးတွတ်ပီ
ဒေါ်မြမှာလူကြီးတစ်ဦးဖြစ်သဖြင့်ကာလ ကြာမြင့်လာသည်နှင့် အမျှစိတ်ပြေလာ နိုင်ဟန်တူသော်လည်း၊၊
ထိုမိန်းကလေးနားတွင် ရနိုးနိုးပိုးပန်းနေကြသော ကျေးရွာမှလူပျိုသိုးများကို တွေ့ရလေရာဘေးကသူမှာ လူပျိုကြီးဓောတင်မောင် ဖြစ်ကြောင်းပြောဖို့လိုမည် မထင်ချေ။
မောင်အောင်တိုး၏လက်ထပ်ဖဲ့ဆဲဆဲ ချစ်သူမလှပိုမှာမူမျက်ရည်လေးတစမ်းစမ်း ဖြစ်နေသည်ကို စိတ်မကောင်းဖွယ်မြင်နေ ရလေသည်။







မိုက်ကလေးကတိုးတိုး
လက်တို့ခေါ်ကာကန့်ကွက်
စကားပြောကြားရှာ၏။
သူတို့နှစ်ယောက်က
တစ်ယောက်နှင့်တစ်ယောက်
ခင်မင်ကြပါသော်လည်း
မကြာခဏပင် ရန်သူ
ဖြစ်လေ့ရှိ၏။







စကားနည်းရန်စဲ
ဖြစ်စေရန် ကျွန်ုပ်က
မိုက်ကလေးကို
ထမင်းစား
ခေါ်လိုက်ရ
လေသည်။




ယနေ့အပိုး..ကံဆိုးမိုးမှောင်
ကျရောက်ရှိသည်။ နိုင်တစ်ကောင်ကိုတွေ့ကာ
ပစ်ခတ်လိုက်သော်လည်း ပွတ်ကာသီကာ
လွဲချော်သွား၏။ ကျွန်ုပ်၏ ထို ရှေ့ဦး
မပေါက်သော သေနတ်သံမှာ..ထိုနေရာတစ်ဝိုက်ရှိ
တောရိုင်းတိရစ္ဆာန်များကိုအသိပေးတစ်လှန့်ကာ
တောခြောက်လှုပ်လိုက်သကဲ့သို့ရှိသည်။ နေ့လည်တိုင်အောင်
ရှာမတွေ့ဘဲရှိ၏။
ဒီနေ့ တွက်ပိ ကံမကောင်း ပါလား..
ဗိုက်ကလေးလဲ အတူတူပဲ..


ဦးအတိုင်းပြန်သွားမယ် ဆိုရင်တော့..မသေးမျှင်နိုင်ငါနဲ့ မကြေညာတဲ့စစ်ပွဲတစ်ပွဲ နွှဲရပါလိမ့်ထင်တယ်..
ကျွန်တော်က ကြားထဲက စစ်ပြေး ဒုက္ခသည်ဖြစ်ရ ဦးမှာပေါ့..
ဦးတော့..သားကောင်ကြီး မရပဲ..မျောက်ဖြစ်ဖြစ်..ဒေါင်း ဖြစ်ဖြစ်..ပစ်သွားမှပေါ့..
သို့ဖြင့်..ကျွန်ုပ်တို့သည်ရှုညံစွာအသံ တွေကြားနေရသော မျောက်အုပ် ရှိရာသို့ရောက်သွားကာသေနတ်ဖြင့် ချိန်ရွယ်လိုက်သည်။
ဆရာတွတ်..မျောက်အုပ်က ဒီလောက်များတာ..ချိန်မနေနဲ့ ရမ်းပစ်လိုက်ပဲ..တစ်ကောင် ကျိမ်းသေမှန်မှာပဲ..
၂၄


မင်းပြောတာ အမှန်ပဲ..မကောင်းသူထိပ် ကောင်းသူထိပ်ပေါ့..
ကျွန်ုပ်လည်းရှမ်းသမ်းပစ်လိုက်၏။ ကံခမ်းမဲ့ပေါက်သူမျောက်တစ်ကောင်မှာ သစ်ပင်ပေါ်မှ အောက်သို့ပြုတ်ကျသွားလေတော့သည်။
ဝုန်း
ဗိုက်ကလေး မျောက်သွားကောက် ချေ။
ဗိုက်ကလေးကမျောက်ကျသွားသော ချုံပုတ်ဆီသို့ပြေးသွားလေသည်။
ထိုသို့မျောက်ကို ကောက်ရမည့်အစား ချုံပုတ်ကိုပြုကြည့်ပြီး သည်နှင့် ဗိုက်ကလေးမှာ တစ္ဆေသရဲကိုမြင်ရ သည့်အလားကြောက်လန့် တကြားအော်ဟစ်ကာ ပြန်ပြေးလာလေသည်။
အီး... အီး..
ဘကြီးလဲ မသိဘူး..




ရှတ်တရက်မို့ကြောင်ကာကျွန်ဝ်သည်ဗိုက်ကလေးနှင့် ရောယောင်ကာပြေးပြီး
မှ..










ကျားမဟုတ်ဘူးဆရာ..
သိပ်ကြောက်ဖို့ကောင်းတယ်..
ကျားထက်ကြောက်စရာ
ကောင်းတယ်ဆိုတော့ခြင်္သေ့
လား..တို့တောထဲမှာခြင်္သေ့
ဆိုတာ အင်မတန်တွေ့ရခဲ
တယ်ကွ..ဒါဆိုပိုကောင်း
တာပေါ့..
မဟုတ်ဘူး
ဆရာတွတ်
ဒါဆို..ကြံ့လား
ကြံ့လည်းတန်းဖိုး
ရှိတယ်..
မဟုတ်ဘူး
ဆရာတွတ်..အမွေး
အမျှင်တွေနဲ့..


ကျွန်ုပ်ကားစိတ်မရှည်တော့၊ သင်းကို
မေးနေရမည့်အစားကိုယ်တိုင်ကိုယ်
ကျသွားကြည့်ရခြင်းကပိုမိုအဆင်
ပြေမည်ဟုတွက်ဆကာ နဝိချုံပုတ်
နေရာသို့ပြန်လည်လျှောက်လာခဲ့သည်။
အနားရောက်သောအခါ ချုံပုတ်ကို
ဖြဲကာအသာကြည့်လိုက်၏။မြင်
လိုက်ရသောမျက်နှာကြီးကြောင့်
ကျွန်ုပ်မှာလန့်ဖျပ်သွား၏။
အမွေးအမျှင်ထူထူတွေဖုံးအုပ်နေ
သောမျက်နှာကြီး..ကိုယ်လုံးက
ချုံပုတ်ထဲတွင်ပျောက်ကွယ်နေ
သည်။
ကျွန်ုပ်တစ်ကိုယ်တည်း
ဆိုပါကနောက်ကြောင်း
လှည့်ကာပြေးမိမည်သာ
ဖြစ်သည်။သို့သော်..
စိုက်ကလေးရှေ့မှာမို့
အရှက်တကွဲမဖြစ်သော
ရန်..မနည်းထိန်းချုပ်
လိုက်ရသည်။
စိတ်ကိုထိန်း
ထားမှ..


အမွေးတွေ
ဗလပွနဲ့..လူဝံများလား
ဒီအနီးအနားတစ်ဝိုက်မှာ
လူဝံကတွေ့ရခဲ့ပါဘိ..
ထိုအခိုက်မှာပင် အိပ်ပျော်နေဟန်တူသော
သတ္တဝါကြီး၏မျက်လုံးအစုံကရုတ်တရက်
ပွင့်လာကာ။
ဟား
အိုး
ဦးတွတ်ပီဟုခေါ်လိုက်သောပီပီသသအသံကြောင့်ကျွန်ုပ်သည်လိပ်ပြာ
လွင့်မတတ်ဖြစ်ကာထိုနေရာမှအမြန်ထွက်ပြေးမိတော့သည်။
ဆရာအရိပ်အခြည်ကိုကြည့်နေသောတပည့်ကောင်းပီပီ ပြေးသည့်နေရာ
၌လည်းဗိုက်ကလေးသည် ကျွန်ုပ်၏ ရှေ့ကရောက်နေလေတော့သည်။


သို့သော် နောက်ဘက်မှ ထွက်ပေါ် လာသောစကားသံကြောင့် ကျွန်ုပ် ခြေလှမ်းမှာတုံ့ခနဲ ရပ်သွား လေသည်။
ဆရာကွတ်ရေ..ကျွန်တော် ပါဗျ..မောင်အောင်တိုးလေ မမှတ်မိဘူးလား..


ကျွန်ုပ်ရော..ဗိုက်ကလေးပါ နောက်သို့လှည့်ကြည့်လိုက်သည်။ အဝတ်အစားတွေက..စုတ်စုတ် ပြတ်ပြတ်..ဆံပင်ကပရှိုဖရဲ မုတ်ဆိတ်မွေး..ပါးသိုင်းမွေး တွေနှင့်..မနည်းကြည့်မှ အောင်တိုးနှင့် တူသလိုထင်လာ ရသည်။
မဖြစ် နိုင်ဘူး..ဒါ သရဲပဲဖြစ် ရမယ်..


ဆရာကွတ် ကျွန်တော်တို့..သရဲခြောက် ခံရတာဗျ..သရဲ..သရဲ..